
မိုင်တိုင်အမှတ်
၃၃၃
ရဲမြတ်ဇော

# မိုင်တိုင်အမှတ် ၃၃၃
# ရဲမြတ်တေဇ

## (၁)

*

"ဟိုရှေ့နားဆို ၃၃၃ မိုင် ရောက်ပြီ ... အဲဒီနေရာပေါ့ ကျုပ် ကားမှောက်ပြီး သေခဲ့တဲ့ နေရာ။ ကျုပ်ဗျာ အဲ့နေ့က ပြုတ်သွားတဲ့ ခေါင်းကို တော်တော်နဲ့ ရှာမရလို့ ပျာယာခတ် သွားတာပဲ "

"ဗျာ ..."

ကီလိုတစ်ရာနီးပါး မောင်းနေသော အိမ်စီးကားငယ်လေးအတွင်း ယာဉ်မောင်းသူနှင့် ဘေးကပ်လျက်ခုံ၌ လိုက်ပါလာသည့် တေဇကို ကားမောင်းနှင်လာသူ အမျိုးသားက ပြောလိုက်ခြင်းဖြစ်၏ ။

ကြားကြားချင်း ကိုယ့်နားကိုယ်တောင် မယုံနိုင်၊ ထိုလူအား ကြည့်လိုက်တော့လည်း ၎င်းက ကားကို ရှေ့ကြည့်၍ မောင်းနေတုန်းပင်။

ထိတ်လန့်စိတ်ဖြင့် အရှေ့သို့ ကြည့်လိုက်တော့ ညအမှောင်ထုအောက် မြင်လိုက်ရသည်က လမ်းမဘေးရှိ ဆေးဖြူသုတ်ထားသော မိုင်တိုင်ပြ အမှတ်အသားများ။

သေချာဖတ်ကြည့်တော့ ... ( ၃၃၃ ) မိုင် တဲ့... ။

ထိုလူ၏ စကားကို ကြားပြီးသည်နှင့် သူ့ခန္ဓာကိုယ် တစ်ခုလုံးကြက်သီးတွေ ထောင်ထလာကာ လူတစ်ကိုယ်လုံး နုံးချည့်နေသလို ခံစားလိုက်ရသည်။

ထိုအချိန်မှာပင် ပုပ်အက်အက် အနံ့ဆိုးတစ်ခုက မှန်လုံပိတ်ထားသည့် ကားအတွင်းခန်းထဲ လှိုင်ခနဲ ထလာ၏။

အသက်ကို မရှူမိအောင် အောင့်ထားလိုက်မိပြီး

"ဒီလူ ငါ့ကို စ နေတာလား "ဟု တွေး၍ ကားမောင်းနေသူအား ကြည့်လိုက်တော့ ထိုလူက သူ့ဘက် ပြန်လှည့်ကြည့်တာနှင့် မျက်လုံးချင်း ဆုံမိကြသည်။

ထိုအခါမှ ထိုလူ၏ မျက်လုံးများကို သူသေသေချာချာ စိုက်ကြည့်လိုက်မိသည်။

ဘုရားရေ ... ။

မျက်ဆန်မကစား၊ မျက်တောင်မခတ်၊ ပြူးကြောင်ကြောင်။ ပြီးတော့ ထိုလူ့မျက်နှာက လူသေတစ်ယောက်ကဲ့သို့ မျက်နှာအနေအထားမျိုး။

ထိုလူအား ကြည့်ရင်း သူ့ ကျောရိုးတစ်လျှောက် ချမ်းစိမ့်လာ၏။

"ဩော် ... ဆရာရယ် ... ခင်ဗျားက မယုံဘူးကိုးဗျ ...

ဒီမှာကြည့် ကျုပ်ခေါင်း ... ကျုပ် ... ဖြုတ်ပြမယ် "

ပြောရင်းနဲ့ပင် ထိုလူမှာ ဘယ်ဘက်လက်ဖြင့် သူ၏ခေါင်းကို ဆတ်ခနဲ ဆွဲဖြုတ်ပြလိုက်လေရာ...။

"ဟာ....."

စက္ကန့်ပိုင်း အတွင်းမှာပင် လည်ပင်းပြတ်နေရာမှ သွေးတို့ ပန်းထွက်လာ

ပြီး ကားအတွင်းခန်း တစ်ခုလုံးလည်း ညှိုမည်းနေသော သွေးပုပ်ရည်တို့ဖြင့် ခန်းလုံးပြည့်နီးပါး စွန်းပေသွားတော့သည်။

"ဟာ ... အစ်....."

ခေါင်းပြတ်ကြီးကို ကြည့်ရင်း ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အော်ဟစ်ရန် ကြိုးစားလိုက်သည်။

သို့သော်...။

အော်လို့မရတော့...။ သူ့အသံက အပြင်သို့ထွက်မလာ။ လည်ချောင်း တစ်လျှောက် အဝတ်စဖြင့် ပိတ်ဆို့ထားသလို နင်နေ၏။

ကြောက်လန့်သော စိတ်က သူ့အသိဉာဏ်များကို ဖုံးလွှမ်းသွားပြီးနောက်မှာတော့ အရှိန်နှုန်းမြင့် မောင်းနေသည့် ကားထဲကနေ ဆင်းပြေးရန် ကြိုးစားလိုက်သည်။ သူ့ လက်ချောင်းများက ကားတံခါး ဖွင့်သည့် လက်တွန်းခလုတ်ဆီ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ...။

"ချောက် .. "

ဟု သော အသံသာ ခပ်အုပ်အုပ် ထွက်လာသည်။

ကားတံခါးက မပွင့်။ လက်များ တဆတ်ဆတ်တုန် လာပြီး လက်ဖဝါးပြင် တစ်ခုလုံး ချွေးတို့ဖြင့် ရွဲနစ်လာသည်။

"ဟာကွာ.. "

တေဇ သူ့ကိုယ်သူ ကျိန်ဆဲရင်း

လက်တွန်းခလုတ်ကို ထပ်နှိပ်လိုက်ပြန်၏။

မရတော့...။ လုံးဝမရတော့... ။

တံခါးက ဖွင့်တိုင်း တစ်ချောက်ချောက်ဖြင့် Lock က ပြန်ကျနေမြဲ။

ထိုအချိန်မှာပင် -

"ဟား... ဟား ... ဟား ... ဟား... ဟား ... ဟား..."

ထိတ်လန့်ဖွယ်ရာ ရယ်မောသံကြီးကြောင့် ဘေးသို့ လှည့်ကြည့်လိုက်ချိန် ခေါင်းပြတ်နေသော ခန္ဓာကိုယ်ကြီးသည် ယင်း၏ လက်ထဲတွင် ကိုင်ထားသော ခေါင်းပြတ်ကြီးအား သူ့ထံ လှမ်းပစ်လိုက်တော့လေသည်။

"အား..."

ပေါင်ပေါ်ကျလာသော ခေါင်းပြတ်ကြီးအား ကြည့်၍ သူက မျက်လုံးကိုစုံမှိတ်ကာ သည်းခြေပျက်မတတ် အော်ဟစ်လိုက်သလို၊ ခေါင်းပြတ်ကြီးမှာလည်း ကြောက်လန့် တုန်ယင်နေသည့် သူ့ကို ကြည့်၍ အသံနက်နက်ကြီးဖြင့် အော်ဟစ် ရယ်မောလေတော့၏။

ထိုကဲ့သို့ ... ချောက်ချားကြောက်မက်ဖွယ် ကောင်းသော ရယ်မောသံကြီး တစ်ခုသည် အမြန်လမ်းမကြီးပေါ် ပြေးလွှားနေသည့် အိမ်စီးကားငယ်လေး တစ်စီးထံမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး

ယင်း ... အိမ်စီးကားငယ်လေးမှာလည်း မိုင်တိုင်အမှတ် (၃၃၃) မိုင်(၃)ဖာလုံ အနီးအရောက် လမ်းဘေးသို့ ထိုးစိုက် ကျသွားတော့လေသည်။

ထိုအဖြစ်အပျက် ၏ အစကား ....

***